# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 21 , 2024 Volume 78, Number 14

၂၁.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၄၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၀၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပို့ကုန်ပဲများဈေးမြင့်တက်၊ ပဲမာလိုင်းများ ဈေးငြိမ်နေသောကြောင့် အဝယ်သွက်နေ



ပို့ကုန်ပဲများ ဈေးမြင့်တက်လာသော်လည်း ပြည်တွင်းသုံးပဲမာလိုင်းများ ဈေးတည်ငြိမ်နေသောကြောင့် အရောင်းအဝယ်သွက်နေသည်။

ပြည်တွင်း ရွှေဈေး၊ ဒေါ်လာဈေး မြင့်တက်လာတာနှင့်အတူ ပို့ကုန်ပဲများ ဈေးကောင်းလာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းသုံး ကုလားပဲများလည်း ယခုသီတင်းပတ်မှာ ပို့ကုန်ပဲဈေးတက်လာတာကြောင့် တစ်အိတ်လျှင်ငွေကျပ် ၂၀၀၀ ခန့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

မေလ ဒုတိယသီတင်းပတ်ကတည်းက တဖြည်းဖြည်းမြင့်တက်လာသည့် ပြည်တွင်း ရွှေဈေးနှင့် ဒေါ်လာဈေးနှုန်း မြင့်လာတာနှင့်အတူ ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံက ဦးဆောင် ဈေးမြင့်တက်သလို ပြည်တွင်းသုံး ကုလားပဲအုပ်စုလိုက် ဈေးတက်ကြောင်း၊ ပြည်တွင်း သုံးပဲမာလိုင်းများ ဈေးမြင့်တက်ခြင်းမရှိတာကြောင့် အရောင်းအဝယ်သွက်လာကြောင်း၊ တရုတ်ဝယ်လက်များ အဝယ်သွက်နေတာကြောင့်လည်း အညာမြေပဲဆန်အသစ်များမှာ အရောင်းအဝယ်ကောင်းခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

"ပို့ကုန်ပဲတွေက ဦးဆောင်ပြီး ဈေးပြန်မြင့်တက်လာပေမဲ့ ကုန်စည်ဒိုင်အတွင်းမှာတော့ အရောင်းအဝယ် သိပ်မရှိတော့ပါဘူး။ လှောင်လက်သမားတွေဆီမှာပဲ လက်ကျန်ရှိတော့တာပါ။ ဒီတော့ ပြည်တွင်းကုလားပဲတွေ ကတော့ ဈေးလိုက်တက်လာပါတယ်။ ပို့ကုန်ထွက်တဲ့ ပဲဈေးတက်ပေမဲ့ ပဲမာလိုင်းတွေက ဈေးမတက်ဘဲ အောက်ဈေးဖြစ်နေတော့ အရောင်းအဝယ် ကတော့ သွက်နေပါတယ်။ အညာ မြေပဲဆန်တွေကတော့ တရုတ်လိုင်းသမားနဲ့ဆီစက်ပိုင်တွေ အဝယ်ဆိုနေပါတယ်။ တရုတ်လိုင်းက အဝယ်မကြိုက်တာကို ပြည်တွင်းစက်ပိုင်တွေက အဝယ်ကောင်းနေပါတယ်။ မေ ၁၄-၁၅ ရက်တည်းက ရွှေဈေး၊ ဒေါ်လာဈေးမြင့်တက်လာတော့ ပို့ကုန်ပဲတွေလည်း ဈေးကောင်းလာတာပါပဲဟု ၎င်းကပြောသည်။

မေ ၁၆ ရက်တွင် ပို့ကုန်ပဲများ ဈေးမြင့်တက်လာရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာ တစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်ပဲများနှင့်အတူ ဈေးပြန်မြင့်တက်လာရာ မေ ၁၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၂,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၄၇,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၇,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၄,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ ဈေးတက်နိုင်ခြင်းမရှိဘဲ ဈေးတန့်ငြိမ်နေတာကြောင့် အရောင်းအဝယ်သွက်နေရာ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် (မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ပေါက်ဈေးရှိနေသည်။

မေ ၁၆ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက်မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မကွေးဂျာနယ်**

## Promotion Conference on 21st CAEXPO ပွဲ သို့ စိတ်ပါဝင်စားသော ကုန်သည်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်




တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်ရည်ရွယ်၍ တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၀၄ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံ၊ ကွမ်ရှီး(ကွမ်ရှီ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးချုပ်ရုံးနှင့် ကုန်စည်ပြပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သည့် တာဝန်ခံဌာန အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပြမည်ဖြစ်ပြီး ပြပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ ပြပွဲကျင်းပရေးဆိုင်ရာ သတင်းအချက်အလက်များအား ရှင်းလင်းမျှဝေမည်ဖြစ်သည်။

အဆိုပါ Promotion Conference on 21st CAEXPO အား ၃-၆-၂၀၂၄ ရက်နေ့ Wyndham Grand Yangon Hotel ရှိ U Bein 1 ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပါသဖြင့် (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ CAEXPO တွင် ပါဝင်ပြသရန်

စိတ်ပါဝင်စားသည့် မြန်မာကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ Email:event.td.myantrade@gmail. com နှင့် ဖုန်းနံပါတ် ၀၁-၃၈၅၃၂၃၊ ၀၆၇-၄၀၈၆၂ သို့ မေးမြန်းစုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

https://myantrade.gov.mm/article/Promotion%20Conference%20on%2021st%20CAEXPO%20%E1%80%

## ၂၀၂၄ ခုနှစ် မတ်လတွင် မလေးရှား၏ရော်ဘာထုတ်လုပ်မှု ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း



မလေးရှားနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ၂၉၆၉၁ တန်ရှိရာမှ ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းလျက် မတ်လတွင် ၂၆,၉၆၆ တန်သာ ထုတ်လုပ်နိုင်ခဲ့သည်ဟု မလေးရှားစာရင်းအင်းဦးစီးဌာန (DOSM) ၏ ၁၃-၅-၂၀၂၄ နေ့၌ ထုတ်ပြန်သည့် အချက်အလက်များအရသိရှိရကြောင်း မလေးရှားနိုင်ငံအခြေစိုက် သဘာဝရော်ဘာထုတ်လုပ်သည့် နိုင်ငံများအသင်း (The Association of Natural Rubber Producing Countries – ANRPC) က ဖော်ပြသည်။

မလေးရှားစာရင်းအင်းဦးစီးဌာန (DOSM) ၏ထုတ်ပြန်ချက်တွင် နှစ်အလိုက်ရော်ဘာထုတ်လုပ်မှုအားနှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် မတ်လ၌ ၂၇,၁၈၈ တန်ရှိခဲ့သည့်အတွက် ယခုနှစ် မတ်လတွင် ၀ ဒသမ ၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၌ စုစုပေါင်း သဘာဝရော်ဘာလက်ကျန်ပမာဏမှာ ဖေဖော်ဝါရီလတွင် တန်ချိန် ၂၂၉,၉၄၀ ရှိရာမှ မတ်လ၌ တန်ချိန် ၂၂၂,၄၅၅ တန်သို့ ၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် ပြည်ပသို့ သဘာဝရော်ဘာတင်ပို့မှုအနေဖြင့် မတ်လတွင် ၅၈,၉၆၅ တန်ရှိရာ ဖေဖော်ဝါရီလ၌ တင်ပို့မှု ၅၅,၀၈၃ တန်အပေါ် ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

မတ်လအတွင်း ပြည်ပသို့ရော်ဘာတင်ပို့မှု ဈေးကွက်ဝေစုအနေဖြင့် တရုတ်နိုင်ငံသည် စုစုပေါင်းတင်ပို့မှု၏ ၄၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျာမနီသည် ၉ ဒသမ ၃ ရာခိုင်နှုန်း ၊ အာရပ်စော်ဘွားများပြည်ထောင်စုသည် ၉ ဒသမ ၂ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပါကစ္စတန်သည် ၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။ အဓိကအားဖြင့် လက်အိတ်၊ တာယာ၊ မော်တော်ယာဉ်ကျွတ်နှင့် ရော်ဘာကြိုးစသည့် သဘာဝရော်ဘာအခြေခံထုတ်ကုန်များအား တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

မတ်လအတွင်း လက်အိတ်များအား မလေးရှားရင်းဂစ် ၁ ဒသမ ၁၄ ဘီလီယံ (အမေရိကန် ဒေါ်လာသန်း ၂၄၀) တန်ဖိုးရှိသော ရော်ဘာအခြေခံထုတ်ကုန်များအဖြစ် အဓိကတင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလတွင် တင်ပို့မှုမှာ ရင်းဂစ် ၁ ဒသမ ၁ ဘီလီယံဖြစ်သည့်အတွက် ၃ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း သိရသည်။

**Source: ANRPC, 14 May 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20176

## ထိုင်းဆန်ဈေးနှုန်းများ ၃ လအတွင်း အမြင့်ဆုံးရောက်ရှိ

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့် အိန္ဒိယ၏ဆန်များအပေါ် ဝယ်လိုအားထိုင်းမှိုင်းနေပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်ဈေးနှုန်းများသည် ရောင်းလိုအားနည်းပါးမှုနှင့် ဝယ်လိုအားခိုင်မာအားကောင်းမှုအရ ယခုသီတင်းပတ်၌ ၃ လအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာကြောင်း Bangkok Post သတင်းဌာနက ၁၆-၅-၂၀၂၄ ရက်နေ့တွင် ဖော်ပြသည်။

ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သော ထိုင်းဆန်၏ ဈေးနှုန်းသည် ယခင်ရက်သတ္တပတ်၌ ၁ တန်လျှင် ဒေါ်လာ ၆၀၀ ခန့်သာရှိရာမှ ဆက်လက်မြင့်တက်ခဲ့ပြီး ၆၃၂ ဒေါ်လာမှ ၆၄၀ ဒေါ်လာနှုန်းထားအတွင်းသို့ ရောက်ရှိလာခဲ့သည်။ ထိုင်းဆန်၏ ရောင်းလိုအားအပိုင်းတွင် လျော့နည်းလာမှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံမှ ဝယ်လိုအား မြင့်မားလျက်ရှိခဲ့ခြင်း၊ ဘရာဇီးနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့ ခဲ့ရခြင်းတို့က ထိုသို့ဈေးနှုန်းများကို မြင့်တက်စေခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့အခြေစိုက် ကုန်သည်တစ်ဦး၏ ပြောဆိုခဲ့သည်။



ဘရာဇီးနိုင်ငံ တောင်ပိုင်းတွင် မြို့များနှင့် လယ်ယာစိုက်ခင်းများမှာ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ပြီး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်မှုရှိကြောင်း၊ အခြေခံအဆောက်အအုံများ အကြီးအကျယ်ထိခိုက်ပျက်စီးမှုရှိပြီး လယ်ယာထွက်ကုန်များအား ဒေသခံပြုပြင်ထုတ်လုပ်သူများနှင့် Rio Grande ဆိပ်ကမ်းတို့သို့ သယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထိုင်းပြည်တွင်း ဆန်ဝယ်လိုအားနှင့်လုပ်ငန်းဆောင်ရွက်မှုတို့သည် ပျားပန်းခပ်လှုပ်ရှားလျက်ရှိပြီး ဆန်အသစ်များသည် ရွှေ့လာမည့် ဇူလိုင်လကျမှသာ ဈေးကွက်ဝင်ရောက်လာမည်ဟု ဘန်ကောက်အခြေစိုက် အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင်မူ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ပေါင်းဆန်အား ယခင်ရက်သတ္တပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်တန်လျှင် ၅၃၁ ဒေါ်လာမှ ၅၃၉ ဒေါ်လာအတွင်းဈေးနှုန်းဖြင့် ယခုသီတင်းပတ်၌ ကမ်းလှမ်းရောင်းဝယ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း အန္တရာပရာဒေ့ရှ်ပြည်နယ်မှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက အိန္ဒိယဆန်များသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအရ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော်လည်း ဝယ်လိုအားမှာ ယခုတိုင်မြင့်မားလာခြင်းမရှိဟု ပြောဆိုခဲ့သည်။

တစ်ချိန်တည်းတွင် ဗီယက်နမ်ဈေးကွက်၌ ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သောဆန်ဈေးနှုန်းမှာ ယခင်သီတင်းပတ်၌ ၁ တန်လျှင် ၅၈၅ ဒေါ်လာသာရှိရာမှ ၁၆-၅-၂၀၂၄ နေ့တွင် ၅၈၅ ဒေါ်လာမှ ၅၉၀ ဒေါ်လာ နှုန်းထားအတွင်းသို့ မြင့်တက်ခဲ့သည်ဟု ကုန်သည်များကပြောဆိုကြသည်။ ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးကလည်း ဗီယက်နမ်ဆန်အပေါ် ဝယ်လိုအားကောင်းမွန်လျက်ရှိသော်လည်း ပြည်တွင်းမှပေးသွင်းနိုင်မှုမှာ နည်းပါးလျက်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံပိုင် ဝယ်ယူရေး အေဂျင်စီဖြစ်သော Bulog အဖွဲ့သည် ဆန်ပိုမိုဝယ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**Source: Bangkok Post, 16 May 2024**

**(လယ်ယာထွက်ကုန်များနှင့် အစိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20174

## ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းမှ ထိုင်းသို့ လစဉ် ပြောင်းတန် ၁၃၀၀၀ ကျော် တင်ပို့မည်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်းကနေ ထိုင်းနိုင်ငံကို လစဉ် ပြောင်းတန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ဖို့ စီစဉ်နေကြောင်း Shwe Me Logistics Services မှ တာဝန်ရှိသူက ပြောလာပါတယ်။

ရွှေမဲဆိပ်ကမ်းကနေ တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံးစတဲ့မြို့တွေကထွက်ရှိတဲ့ ပြောင်းတွေကို ရေလမ်းကြောင်းကတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံကို မေလလယ်လောက်မှာ တင်ပို့ဖို့စီစဉ်နေတာလို့ တာဝန်ခံမန်နေဂျာ ဦးကျော်လွင်ကဆိုပါတယ်။

ရွှေမဲဆိပ်ကမ်းကနေ ပြောင်းတန်ချိန် ၁၃၅၀၀ ကို တန်ချိန် ၂၇၀၀ ဆံ့တဲ့ သင်္ဘော ၅ စင်းနဲ့ တင်ပို့ဖို့ ရှိပါတယ်လို့ ပြောပါတယ်။

ရွှေမဲဆိပ်ကမ်းကို ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုအတွက် ရန်ကုန်-ကော့သောင်း၊ ကော့သောင်း-ရန်ကုန် လမ်းကြောင်းပေါ်က ရန်ကုန်ဘက်ခြမ်း ဆိပ်ကမ်းတစ်ခုအဖြစ် အသုံးပြုသွားဖို့ လျာထားတာပါ။

ဒါ့အပြင် ရွှေမဲဆိပ်ကမ်းကနေ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ အိန္ဒိယစတဲ့ အိမ်နီးချင်းနိုင်ငံတွေကို ပြည်တွင်းရေကြောင်း ဦးစီးဌာနနဲ့ အကောက်ခွန်ဦးစီးဌာနတို့ရဲ့ ခွင့်ပြုချက်နဲ့ ပို့ကုန်တွေ တင်ပို့ခွင့်ပြုထားတယ်လို့ သိရပါတယ်။

ရွှေမဲဆိပ်ကမ်းအပြင် ရွှေပြည်သာမြို့နယ်မှာ တည်ဆောက်ထားတဲ့ မုတ္တမဆိပ်ကမ်းကိုလည်း အိမ်နီးချင်းနိုင်ငံတွေကို ကုန်တင်ပို့နိုင်တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချယာယီဆိပ်ကမ်းတစ်ခုအဖြစ် ခွင့်ပြုပေးထားပါတယ်။

အကောက်ခွန်ဦးစီးဌာနမှရရှိတဲ့ အချက်အလက်တွေအရ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၁၀ ရက်နေ့အထိ တစ်လကျော် အတွင်း ပင်လယ်ရေကြောင်းကနေ ပို့ကုန်ပမာဏ ဒေါ်လာ ၉၇၅ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ကာလတူထက် ဒေါ်လာသန်း ၂၅၀ ခန့် တိုးလာပါတယ်။

Source: BETV Business

## ဆန်တင်ပို့မှု ကန့်သတ်ချက်ကို အိန္ဒိယအစိုးရ ဖြေလျှော့ပေးဖွယ်ရှိ



အိန္ဒိယနိုင်ငံတွင် ဆန်ကုန်လက်ကျန် များပြားပိုလျှံမှုရှိပြီး မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုမည့် မုတ်သုံရာသီဥတု ခန့်မှန်းချက်အရ မိုးသီးနှံရာသီ၌ စပါးစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေဖွယ်ရှိသဖြင့် အစိုးရအနေဖြင့် ယခင်နှစ်၌ ချမှတ်ခဲ့သော ဆန်တင်ပို့မှု ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အရာထမ်းတစ်ဦးက ပြောကြားခဲ့သည်။

မုတ်သုံမိုးသည် ကီရာလာပြည်နယ်ကမ်းခြေသို့ ရေ့လာမည့်လတွင် စတင်ဝင်ရောက်မှုနှင့်အတူ စုစုပေါင်းစပါးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို စိုက်ပျိုးထုတ်လုပ်သော မိုးစပါးကို ဇွန်လနှင့်ဇူလိုင်လများတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇွန်လမှစက်တင်ဘာလအတွင်း မိုးရွာသွန်းမှုမှာ ပုံမှန်အထက်တွင်ရှိနိုင်ပြီး မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်ခြေ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ပုံမှန်အဆင့်မှ ပိုမိုသည့်အဆင့်တို့ အကြားတွင်ရှိနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဧပြီလ၌ ခန့်မှန်းထားခဲ့သည်။ ယခင်နှစ်တွင် မိုးရွာသွန်းမှုမှာ နေရာကွက်ကျားရွာသွန်းခဲ့ပြီး ပုံမှန်ထက်လျော့နည်းခဲ့သဖြင့် စပါးထွက်ရှိမှုကို ထိခိုက်ခဲ့သည်။

မတ်လအတွင်း ဆန်လက်လီဈေးနှုန်းများမှာ နှစ်အလိုက် ၁၂ ဒသမ ၆၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း မြင့်မားသည့် အခြေပြုသက်ရောက်ချက်ရှိမှုအရ လာမည့်လအနည်းငယ်အတွင်း ဆန်ဈေးနှုန်းများဖောင်းပွမှုမှာ လျော့ပါးသက်သာဖွယ် ရှိသည်။ ဆန်ဈေးနှုန်းများ ဖောင်းပွမှုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလကတည်းကစတင်၍ ကိန်းဂဏန်း ၂ ခုအဆင့်အထိ ဖြစ်ပေါ်နေခဲ့သည်။

လက်ရှိအရန်ဆန်ဝယ်ယူရေးကာလ (အောက်တိုဘာလ – စက်တင်ဘာလ) အတွင်း ဝယ်ယူရရှိသော ပမာဏသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်း လျော့နည်းလျက်ရှိသော်လည်း အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်းသည် ဇူလိုင်လ ၁ ရက်နေ့အထိ ကာလအတွက်ထားရှိရန် လိုအပ်သောပမာဏ တန်ချိန် ၁၃ ဒသမ ၅၄ သန်းထက် ၄ ဆခန့်ပိုမိုလျက် အရန်ဆန်တန်ချိန် ၅၃.၁၉ သန်းကို သိုလှောင်ထားပြီးဖြစ်သည်။ ၎င်းပမာဏအနက် ဆန်တန်ချိန် ၃၁ ဒသမ ၈၁ သန်းကို လက်ဝယ် ထားရှိပြီး ကျန်တန်ချိန် ၂၁.၃၈ သန်းကို ဆန်စက်လုပ်ငန်းရှင်များထံမှ ရရှိမည်ဖြစ်ပါသည်။ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်းသည် Bharat ဆန်ကို ရောင်းချရန်အတွက် NAFED ၊ NCCF နှင့် Kendriya Bhandar စသည့် အဖွဲ့အစည်းများထံမှ ဆန်တန်ချိန် ၁.၅ သန်း အတွက် ဝယ်ယူမှု အမှာစာများကို လက်ခံရရှိထားသည်။ အဆိုပါအဖွဲ့အစည်းများသည် ဆန်တန်ချိန် ၀.၇၁ သန်းကို လက်လီအရောင်းဆိုင်များသို့ ရောင်းချဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။

အိန္ဒိယအစိုးရသည် ယခင်နှစ်၌ ဆန်ဖြူတင်ပို့မှုကို တားမြစ်ပိတ်ပင်ခဲ့ပြီး ဆန်ဈေးနှုန်းများမှာ ဆက်လက်မြင့်မားနေသဖြင့် ပြည်တွင်းရောင်းလိုအားတိုးတက်စေရန် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံခဲ့သည်။ သို့သော်

အိန္ဒိယအစိုးရသည် နိုင်ငံအချို့၏ တောင်းဆိုမှုအရ စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်ပြည့်မီစေရန် ဆန်တင်ပို့မှုကို အခါအားလျော်စွာခွင့်ပြုပေးခဲ့သည်။ ရနံ့မွှေးပျံ့သောဘာစမာတီဆန်၏ လက်ရှိအနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်မှာ တစ်တန်လျှင် ဒေါ်လာ ၉၅၀ ဖြစ်သည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ဆန်တန်ချိန် ၂၂ သန်းကို စံချိန်တင်တင်ပို့ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုအပေါ် ကန့်သတ်ခဲ့သဖြင့် ဆန်တင်ပို့မှုပမာဏမှာ တန်ချိန် ၁၆ သန်းသို့ လျော့နည်းကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၂ ခုနှစ်ကတည်းက ကမ္ဘာ့အကြီးမားဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ခဲ့ပြီး တန်ချိန် ၅၂ သန်းမှ ၅၄ သန်းအထိရှိသော နှစ်စဉ်ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် ဝေစု ၄၀ ရာခိုင်နှုန်းကျော် ပါဝင်ခဲ့သည်။ လက်ရှိ ဝယ်ယူရေးရာသီဖြစ်သော ၂၀၂၃-၂၄ ခုနှစ် (အောက်တိုဘာ-စက်တင်ဘာ) အတွင်း အစိုးရအေဂျင်စီများ၏ စပါးဝယ်ယူမှုမှာ တန်ချိန် ၆၈ ဒသမ ၅၉ သန်း (ညီမျှသည့် ဆန်တန်ချိန် ၄၅ ဒသမ ၉၅ သန်း) ရှိပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလထက် ၇ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

အစိုးရ၏ ဝယ်ယူရေးအေဂျင်စီများသည် ဆောင်းသီးနှံများအား ဈေးကွက်တင်ရောင်းချသည့် ရာသီကာလအတွင်း ဩဒိသျှ၊ တဲလန်ဂါနာ၊ တမီနာဒူးနှင့် အန္ဒြာပရာဒေ့ရှ် ပြည်နယ်များမှ အရန်ဆန်တန်ချိန် ၁၀ သန်းကိုဝယ်ယူရန် လျာထား ဆောင်ရွက်လျက်ရှိရာ အရန်ဆန်သိုလှောင်မှုလက်ကျန် ပိုမိုများပြားလာမည်ဟု ခန့်မှန်းရသည်။ အိန္ဒိယအစိုးရသည် ၂၀၂၂-၂၃ ရာသီကာလတွင် ဆန်တန်ချိန် ၅၆ ဒသမ ၈၇ သန်းကို ဝယ်ယူခဲ့သည်။ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်းအနေဖြင့် ဆန်ထောက်ပံ့မှုအစီအစဉ်အရ အကျိုးခံစားခွင့်ရှိသည့် လူဦးရေ သန်း ၈၀၀ သို့ ဖြန့်ဝေပေးရန်အတွက် နှစ်စဉ်ဆန်တန်ချိန် ၄၀ သန်းကို စုဆောင်းရန် လိုအပ်လျက်ရှိသည်။

**Source: Financial Express, May 13, 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20168

## STOCK EXCHANGE (21.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st May. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,700 | 8,900 | 8,700 | 60 | 524,000 | 33,109,694 | 294,676 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,510 | 4,379,000 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 100 | 800,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1 | 1,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 17 | 29,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 33 | 151,800 | 10,497,598 | 48,289 |
| MAEX | 00008 | 2,300 | +50 | +2.22% | 2,300 | 2,300 | 2,300 | 549 | 1,262,700 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.09 | +1.71 | +0.46% | 372.05 | 376.09 | 372.05 | 2,272 | 7,154,200 | 8 | 709,382 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st May, 2024

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

## Main Board

As of 1:00 pm, 21st May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

| MYANPIX | 376.09 ▲ 1.71 |
|---|---|
| Total Volume (shares) | 2,272 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 709,382 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 100 |
| MAEX | 00008 | 2,300 | ▲ 50 |